ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ
ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ် (၁) နှင့် အမှတ် (၂)
အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့်
ကျောင်းသား/ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော်၊ အောက်တိုဘာလ ၂၉ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ် (၁) နှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ က ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ကြသည့်အတွက် ဝမ်းမြောက်စွာဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏သက်တမ်း သည် နုနယ်သေးသည့်အတွက် ပြည်သူများအနေဖြင့် လွှတ်တော်များ၏ဖွဲ့စည်းပုံနှင့် လုပ်ငန်း တာဝန်များအကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလို တွေ့ဆုံစဉ် လွှတ်တော်များ၏ဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များအကြောင်းကို အနည်း ငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်ပြီး ပြည်ထောင်စု အဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါလွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီဆောင်ရွက်ရသော်လည်း ဥပဒေပြုခြင်း၊ အပြန်အလှန်

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းစသည့်လုပ်ငန်း တာဝန်များတွင် တူညီကြပါကြောင်း၊ မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ မိမိတို့ မဏ္ဍိုင်ကြီး (၃) ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွတ်လပ်စွာရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန်ကိုလည်းကောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်ကိုလည်းကောင်းစသည်ဖြင့် အသီးသီး တာဝန်ထမ်းဆောင်လျှက်ရှိပါကြောင်း၊ အဆိုပါ တာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ က အဓိကဆောင်ရွက်လျှက်ရှိကြပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျှက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကိုဖော်ဆောင်ပေးသည့်နေရာဖြစ်၍ မိမိတို့ဒေသ၏ပညာရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး

နိုင်ငံတော်မှအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့် အဖွဲ့ဝင် ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက် ကြသည်။ **သတင်းစဉ်**